

လုံးချင်းဝတ္ထုသစ်
မြပုလဲခင်
ထပ်တူညီမှု
အောင်မြင်
စာပေ

# ထပ်တူညီမျှ
## မြပုလဲခင်

မင်းလေးနာကျင်ရင် ကိုယ်လည်းနာကျင်မယ်။

မင်းလေးပြုံးမှ ကိုယ်ပြုံးနိုင်မယ်။ ဒါကြောင့် ...

မင်းလေးဘဝနဲ့ ကိုယ့်ဘဝ "ထပ်တူညီမှု" ရှိစေဖို့

မင်းလေးလက်ကို ထာဝရဆုပ်ကိုင် သွားပါရစေ။

ဘယ်သောအခါမှ ကိုယ့်လက်ကို ဖြုတ်လိုက်ပါနဲ့နော်။

***

## အပိုင်း(၁)

ငွေရှိရင် သူများအသိုက်အမြုံကိုတောင် ဖျက်ဆီးပစ်လို့ရတယ်၊ လက်ညှိုးညွှန်ရာ ရေဖြစ်ရမယ်လို့ မာန်တက်နေတဲ့လူလေ၊ ကိုင်း ... အခု ဘယ့်နှယ်ရှိစ အချစ်ကို ဝယ်ယူလို့ရသလား၊ မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို ဝယ်ယူလို့ ရရဲ့လား။

ပြုံးပြည့်စုံ

***

## အခန်း(၁)

"ပြည့်ရေ ... ပြည့် ... ပြည့်"

"ရှင် ... မမမေ"

ဟင်းအိုးတန်းလန်းနှင့် ပြုံးပြည့်စုံမှာတစ်ဖက် မျက်နှာချင်းဆိုင် အခန်းမှ မမမေ ခေါ်သံကြောင့် အသံပြန်ပေးပြီး ဟင်းအိုးကို ဆီသတ်နေလိုက်သည်။

"ဒီမှာ ... မီးဖိုထဲမှာ မမ ဟင်းအိုးတန်းလန်းနဲ့မို့လို့"

"ပြည့်ရေ ... လုပ်ပါဦး၊ တို့တိုက်ကြီးတော့ ပြိုတော့မယ် ပြိုတော့မယ်"

"ဘုရားရေ"

မမမေအသံကြောင့် အိပ်ခန်းထဲမှ ထွက်လာသော မိခင်ဒေါ်ပြုံးခင် မှာလည်း ဘုရားတလိုက် လေသည်။ ပြုံးပြည့်စုံကတော့ အရင်းမရှိ အဖျားမရှိ မမမေစကားကို သိပ်မတုန်လှုပ်ပေ။

"ဘာဖြစ်လို့လဲ မမမေ"

"ငလျင်လည်း မလှုပ်ဘဲနဲ့"

သားအမိနှစ်ယောက် တစ်ယောက်တစ်ခွန်းမေးရင်း စိတ်ထဲဇဝေဇဝါ ဖြစ်သွားရသည်။ မမမေက ရေခဲသေတ္တာဖွင့်ပြီး ရေခဲရေပုလင်းကို ထုတ်ယူ၊ ဖန်ခွက်ထဲငှဲ့ပြီး တစ်ချိုက်တည်း မော့သောက်နေစဉ် ပြုံးပြည့်စုံ၏မိခင် ဒေါ်ပြုံးခင်မှာ မအောင့်အည်းနိုင်ဘဲ ....

"ဒီတိုက်မှာ နေလာတာ အနှစ်နှစ်ဆယ် ကျော်ပါပြီ၊ မိပြည့်တစ်သက်ပါအေ၊ အန္တရာယ်ရှိ အဆောက်အအုံလည်း မဖြစ်လောက်သေးပါဘူး"

ဟု တွေးတွေးဆဆလေး ပြောနေစဉ် ရေသောက်ပြီးသွားပြီ ဖြစ်သော မမမေက ...

"ဒီလို အန်တီခင်ရေ၊ ဒီတိုက်ကို ရောင်းတော့မလို ကြားလို့"

ပြုံးပြည့်စုံ အံ့အားသင့်သွားသည်။ လုံးဝထင်မှတ်သော သတင်းပင် ဖြစ်သည်။ ထို့ကြောင့် ...

"ဟင် ... ဘယ်သူကလဲ၊ ဘဘမိုးကလား"

ဤတိုက်တန်း၏ မြေပိုင်ရှင် ဦးဘမိုး၏ဇနီး ဒေါ်ချယ်ရီဆုံးသွားတာ ဒီနေ့မှ ရက်လည်နေ့ပဲ ရှိသေးသည်။ ထင်မှတ်သော သတင်းစကားက ပျံ့ထွက်ပေါ်လာလေပြီ။

"အေးလေ ... ဒီတစ်တိုက်လုံးကိုတဲ့"

ဒေါ်ပြုံးခင်က ...

"အိုအေ ... ဒီလိုလုပ်လို့ ရမလား၊ ကျန်တဲ့အခန်းတွေက အငှားမှ မဟုတ်တာ၊ အကုန်လုံး အပျောက်နဲ့ ဝယ်ထားကြတာကြီးပဲဟာ၊ သူတို့ လုပ်ချင်တိုင်း လုပ်လို့ရမလား"

"ရက်လည်ဆွမ်းကျွေးမှာ ညက သွားဝိုင်းကူရင်း သဲ့သဲ့ကြားလာတာလေ၊ သားသမီးတွေက အဖေတစ်ယောက်တည်း နေလို့ဖြစ်မှာ မဟုတ်ဘူး၊ ဝယ်တဲ့လူရှိတုန်း ရောင်းလိုက်ရအောင်တဲ့"

"ဝယ်မဲ့သူက ရှိလို့လား၊ ဒီလောက် လုံးချင်းအိမ်တွေ ရှိနေတာကို ဒီကန်ထရိုက် တိုက်ကိုမှ လိုချင်ရသလား"

ဒေါ်ပြုံးခင်ရင်ထဲ ဆတ်ဆတ်ထိ မခံနိုင်အောင် ဖြစ်နေသည်။ ဒါကို ပြုံးပြည့်စုံ ကောင်းစွာ ရိပ်စားမိသည်။ သူ့မိခင်သည် ဒီတိုက်ခန်းလေးကို အင်မတန် တွယ်တာမြတ်နိုးသူ ဖြစ်သည်။

"ဒီတိုက်ကကော ရင်ကွဲပုံ သုံးထပ်တိုက်ဆိုတော့ ကန်ထရိုက်တိုက်နဲ့ မတူဘဲ လုံးချင်းပုံ ဆန်နေတာကိုး၊ ပြန်ဆောက်မယ်ဆို ဓာတ်လှေကား မပါရင်တောင် ခြောက်ထပ်ဆို ဆယ့်နှစ်ခန်း ရနိုင်သေးတယ်၊ ဓါတ်လှေကားနဲ့ဆို အထပ်က မြင့်ချင်သလောက် မြင့်လို့ရတယ်ဆိုတော့ ... အင်း ... ဝယ်မယ့်သူကလည်း ရှိနိုင်တယ်"

ပြုံးပြည့်စုံက စဉ်းစဉ်းစားစားနှင့် တွေးဆပြီး ပြောလိုက်သည်။

ပေ(၅၀)ပေ(၇၀) မြေပေါ်၌ ပေ(၄၅)ပေ(၆၀)ကို နှစ်ခန်းတွဲသုံးထပ် အဆောက်အအုံကို အောက်ခြေနှစ်ခန်းနှင့် ပထမထပ်နှစ်ခန်းကို မြေပိုင်ရှင် ဦးဘမိုးက အပျောက်စနစ်နှင့် အပြတ်ရောင်းချထားပြီး သူကိုယ်တိုင် ကတော့ အပေါ်ဆုံးထပ် (၂)ခန်းကို ထပ်ခိုးတင် လသာဆောင်ပင်ထားလျက် ကျယ်ဝန်းစွာ နေထိုင်သူ ဖြစ်လေသည်။

ထို့အတူ မြေညီခေါင်းရင်းဘက် အခန်းကိုပိုင်သော ပြုံးပြည့်စုံက အိမ်ရှေ့ မြေပိုကော၊ လမ်းဘေးမြေပိုကော အပိုင်စားယူကာ ပန်းပျိုးပင် ပန်းမျိုးစုံ နှင့် ပန်းအလှပြုပြင်ခြင်း လုပ်ငန်းကိုပါ ထူထောင်ထားနိုင်ပြီး "ပန်းဧကရီ" ဆိုင်းဘုတ်တင်ကာ စီးပွားဖြစ်နေသူ ဖြစ်လေသည်။

အလားတူပင် ခြေရင်းဘက် မြေညီခန်းက ဒေါ်မေကဆုန်ဆိုသည့် အပျိုကြီးမမကလည်း ဆံညှပ် ဆံဖြောင့် အလှပြုပြင် "မေ ဖြူးတီးဆလွန်း" နှင့် စီးပွားဖြစ်နေသူ ဖြစ်လေသည်မို့ ...

အပျိုကြီးမေနှင့် အပျိုလေး ပြုံးပြည့်စုံတို့ရင်မှာ လက်မခံနိုင်အောင် ခါးခါးသီးသီး ဖြစ်ရလေပြီ။

သူ့ အကျိုးပေးနှင့်သူ ...

သူ့နေရာနှင့်သူ ...

သူ့မိတ်နှင့်သူ အကျိုးပေးနေသော နေရာတစ်နေရာကို ဘယ်သူကမှ လွယ်လွယ်ကူကူ မစွန့်လွှတ်ချင်ကြပေ။

"နေပါဦး မမမေရယ်၊ သေချာရဲ့လားဆိုတာ စောင့်ကြည့်ပါဦး၊ ဝယ်တဲ့လူ ကကော အရှုံးမို့လို့လား၊ အပျောက်ရောင်းပြီးသား တိုက်ခန်းတွေ ရှိနေတဲ့ ဟာကို"

ထိုစဉ် အိမ်ရှေ့ပန်းဝယ်သူ ရှင်းသွားပြီ ဖြစ်သဖြင့် အိမ်နောက်ဘက်

စကားဝိုင်းဆီသို့ ဝင်လာသော ပြုံးပြည့်စုံ၏ ညီမဝမ်းကွဲ ရွှေစင်က ...

"ဝယ်တဲ့သူက မရှိုးဘူး မမပြည့်ရဲ့ ... ကုမ္ပဏီသူဌေးတဲ့၊ ဒီဟာကို Home Mart ဆောက်မလို့ ဆိုလားပဲ၊ ကြိုက်ဈေးပေးပြီး ဝယ်မှာတဲ့၊ နောက်ပြီး ..."

ရွှေစင်က အသက်(၁၆)နှစ်အရွယ် ဖျတ်ဖျတ်လတ်လတ်နှင့် အင်မတန်သွက်လက် ဖျတ်လတ်သော အလန်းလေးဖြစ်သည့် အားလျော်စွာ တစ်တိုက်လုံးရှိအခန်း အပ်ကျတာကအစ သိသည်။ တစ်လမ်းလုံး တစ်ရပ်ကွက်လုံး သတင်းကိုလည်း ယူဆောင်လာတတ်သူ ဖြစ်သည်မို့ သူသိသမျှတွေကို ရေပက်မဝင် ဖောက်သည် ချလေတော့သည်။

"နောက်ပြီး ဘာဖြစ်သလဲ"

"သူဌေး လူပျိုကြီးက မိန်းမယူတော့မှာ၊ မိန်းမကို လက်ဆောင်ပေးဖို့ ဒီတိုက်ကို ဝယ်တာတဲ့"

"အလိုတော် ... ပေးစရာရှားလို့"

"ပြီးတော့ သူဌေးက Home Mart ကြီး ဆောက်ပေးမှာတဲ့၊ မင်္ဂလာဦး လက်ဆောင်တဲ့လေ"

ဒေါ်ပြုံးခင် မချိတင် ဖြစ်သွားရသည်မို့ သံယောင်လိုက်ကာ ...

"မင်္ဂလာဦး လက်ဆောင်တဲ့လား"

သက်ပြင်းရှည်ကြီးလည်း ချလိုက်မိသည်။ လွန်ခဲ့သော နှစ်အစိတ်ခန့်က (၃)သိန်းတန် ဤတိုက်ခန်းလေးအား မင်္ဂလာဦးလက်ဆောင် ဝယ်ပေးချင်၍ သုံးရစ် ငွေခွဲဝေသွင်းပြီးမှ ဤတိုက်ခန်းလေးကို လက်ဝယ်ပိုင်ဆိုင်ခွင့် ရခဲ့သည်။

ခင်ပွန်းသည်၏ စေတနာကို ပြန်လည်တမ်းတ ခံစားမိရတော့ ဤတိုက်ခန်းလေးကို ဘယ်နည်းနဲ့မှ လက်မလွှတ်နိုင်အောင် ဖြစ်ရသည်။

"ဟုတ်တယ် ... ရွှေစင်ပြောတာ ဟုတ်မယ်၊ အဘမိုးသမီး ပြောနေတာလေ၊ သိန်းရှစ်ရာ ဆိုလားပဲ၊ သူတို့က မလျှော့ဘူးတဲ့၊ မမမေတို့ မြေညီနှစ်ခန်းကို တစ်ရာ့ငါးဆယ်စီ၊ ပထမထပ်ကို တစ်ရာ့နှစ်ဆယ်စီပေးပြီး ကျန်တာ သူတို့ပေ့ါတဲ့"

အပျိုကြီး မမေ၏စကားကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်ပြီး ဒေါ်ပြုံးခင်၏ အတွေးအာရုံက ပျံ့လွင့်၍နေသည်။

အတိတ်က ခင်ပွန်း ဦးပြည့်စုံနှင့်အတူ ဒီတိုက်ခန်းလေးကို မွမ်းမံရင်းက ဒေါ်ပြုံးခင်က မိဘလက်ငုတ်လက်ရင်း ထောက်ကြွံခြံကြီးမှ ပန်းမျိုးများကို ရွှေ့ပြောင်းစိုက်ပျိုး ခဲ့သည်များ အမှတ်ရလာသည်။ ပြီးတော့ ဒီအိမ်မှာပဲ သမီးပြုံးပြည့်စုံကို ဒီမှာပဲမွေးပြီး သူငယ်တန်းမှ ဘွဲ့ရသည်အထိ ပြုစုပျိုးထောင်ခဲ့သလို သူ့ချစ်ခင်ပွန်းကလည်း ဒီတိုက်ခန်းလေးမှာပဲ ခေါင်းချသွားခဲ့သည် မဟုတ်ပါလား။

တွေးရင်း ရင်မှာ နာကျင်ကြေကွဲလာမှုကြောင့် မျက်ရည်တာ ကျိုးလေတော့သည်။

"ဟင်း ... ဒေါ်ဒေါ်ပြုံး ... ဒေါ်ဒေါ်ပြုံး"

မမမေက အလန့်တကြား အော်သံကြောင့် ပြုံးပြည့်စုံဟင်းကို မြည်းပြီး မီးဖိုခလုတ်ကို ပိတ်နေရာမှ နောက်လှည့် ကြည့်လိုက်တော့ ...

မျက်ရည်စများနှင့်အတူ အိပ်ခန်းဘက် ဝင်ပြေးသွားသော မိခင်ကို တွေ့လိုက်ရသည်။

ရင်မှ စူးနစ်သွားရသည်။

"ဟင် ... မေမေရယ်"

***

# အခန်း(၂)

"မေမေက အသက်သုံးဆယ် အရွယ်အထိ ကိုယ့်ပန်းခြံ လေးထဲမှာပဲနေပြီး ပန်းကလေးတွေကလွဲရင် ဘာကိုမှ စိတ်မဝင်စားခဲ့ဘူးလေ၊ သမီးအဖေနဲ့ အိမ်ထောင်ကျတော့မှပဲ ဒီကို ရောက်ခဲ့တော့တာ၊ လက်ထပ်ပြီး အိမ်စခွဲနေတော့ မနေတတ်မထိုင်တတ် ဖြစ်နေလို့ သမီးဖေဖေက သူ့ရုံးသွားရင် မေမေ ပျင်းနေမှာ စိုးလို့ထင်တယ်၊ တနင်္ဂနွေနေ့တိုင်း ထောက်ကြံ့ကို လိုက်ပို့ပေးတယ်၊ အပြန်မှာ တတ်နိုင်သလောက် ပန်းခြင်းနဲ့ မြေဆွေးအိတ်ကိုထမ်းပြီး မေမေ့အလို လိုက်ပေးရှာတယ်လေ"

ပြုံးပြည့်စုံ၏ ခန္ဓာလေးသည် ငြိမ်သက်စွာဖြင့် အခန်းရှေ့မှ ရပ်နေလိုက်သော်လည်း အတွေးများကတော့ဖြင့် မိခင်ဒေါ်ပြုံးခင်ထံမှ မကြာခဏ ပြောနေကျဖြစ်သော အတိတ်၏ လွမ်းမောဖွယ်ရာ စကားသံလေးများကို ကြားယောင်နေလျက် ...

"ငွေအားနဲ့ ဖိရင်တော့ ကျန်တဲ့အခန်း သုံးခန်းနဲ့ဆို အများနဲ့တစ်ယောက် ဘယ်လိုမှ မတတ်နိုင်ဘူးပေါ့ သမီးရယ်၊ အင်း ... တရားနဲ့ပဲ ဖြေရမှာပေါ့၊ ကိုယ့်ကိုယ်ကိုယ်မှ မပိုင်ဆိုင်လေပဲကွယ်"

တရားနှင့် ဖြေရမည်ဆိုသော်လည်း သွေးတိုးကာ အိပ်ရာထဲ လဲသည့်အထိ စိတ်ထိခိုက်လျက်ရှိသော မိခင်ကြောင့် ပြုံးပြည့်စုံမှာ စိတ်မအေးနိုင် ဖြစ်ခဲ့ရသည်။

ထိုစဉ် ...

"ဝင်လို့ရပါပြီ အစ်မလေး"

"အင်း ... ဪ ... ဟုတ်ကဲ့"

ရုတ်တရက် လန့်သွားသည်။ သူဌေး၏ ရုံးခန်းရှေ့တွင် ရပ်ပြီး မိခင်အကြောင်း တွေးနေသည်မှာ မည်မျှကြာသွားသည်ပင် မသိလိုက်။

"အစ်မလေး ... ခဏနော်၊ သူဌေးက သစ်ကုန်သည်တွေနဲ့ စကားပြောနေတာ မပြတ်သေးလို့ ခဏထိုင်နေပါဦးနော်"

"ဪ ... ဟုတ်ကဲ့"

အခန်း၏ ပထမတံခါးကို ဖွင့်လိုက်စဉ် အေးစိမ့်မွှေးပျံ့နေသော ရုံးခန်းကြီးထဲတွင် အလင်းရောင် မှေးမှေးမှိန်မှိန်နှင့် ထုံးခြောက်ရောင်လိုလို အညိုရောင်လိုလို မှိုင်းညိုညိုနှင့် လွမ်းမောဆွတ်ပျံ့ဖွယ် ကောင်းလှသော ပေ(၂၈)ပတ်လည်ခန့် ကျယ်ဝန်းခန့်ညားသော အခန်းကြီး၏ ထည်ဝါမှုကို အကဲခတ်ရင်း ...

ပြုံးပြည့်စုံ အိစက်ထွေးနေသော သားမွေးဆိုဖာပေါ် ထိုင်လိုက်သည်။ သူဌေးထိုင်နေသော စားပွဲနှင့် ဧည့်ခန်းဆိုဖာ ဆက်တီကြားတွင် ပလတ်စတစ် ကြည်ပြာရောင် ဖန်ချောင်းလေးများက လိုက်ကာကဲ့သို့ ကာရံထားသည်။

လူတွေကို မှုန်တိမှုန်ဝါး ရိုးတိုးရိပ်တိပ်သာ မြင်နေရသော်လည်း အသံတွေကိုတော့ အပီအပြင် ကြားနေရသည်။

ဖုန်းတစ်လုံးနှင့် စကားပြောနေသော သူဌေးနှင့် သူဌေးစားပွဲရှေ့တွင် သူဌေးကို လှမ်းစကားပြောနေသော လူတစ်ယောက် ရှိနေသည်။ ထိုသူက ...

"အိုကေ ကိုစွမ်းရေ၊ ခင်ဗျားရဲ့ သတို့သမီးလေးဟာ ဘုံကြိုးပြတ်တဲ့ နတ်မိ

မယ်လေးလို့ ပြောနေတာ အဲဒီနေ့ကျမှပဲ လာကြည့်ပြီး ဂုဏ်ပြုတော့မယ်ဗျာ"

"အိုကေ ... ဆီးယူ ကိုမျိုး"

"တူ ... တူ ... တူ"

ထိုစဉ် စားပွဲပေါ်မှ ဖုန်းတစ်လုံးက ခေါ်သံထွက်လာအခါ ဟန်းဖုန်းကိုပိတ် စားပွဲပေါ် တင်ပြီး စားပွဲပေါ်မှ ဖုန်းကိုကောက်ကိုင် လိုက်သည်။

လိုက်ကာကိုဖယ်ပြီး ထွက်လာသောသူက ပြုံးပြည့်စုံကို မြင်သောအခါ မျက်လုံးအပြူးသား ပါးစပ်အပြဲသား ဖြစ်သွားရာမှ ...

"ဟော ... ပြောရင်းဆိုရင်း ရောက်လာပြီပဲ၊ အား ... ပြောစမှတ် ရှိလောက်ပါတယ်ဗျာ၊ အလှမှာ အယဉ်ဆင့်လို့ ကျွန်တော်တို့ ကိုစွမ်းနဲ့ ရှေ့သွားနောက်လိုက် ညီပါပေတယ်၊ လက်ဖက်ကောင်း စားချင်လို့ တောင်တက်နေးခဲ့တာကိုး၊ ခုမှပဲ သဘောပေါက်တော့တယ်၊ တ့တာ ... တ့တာ ... ခွင့်ပြုပါဦး ခင်ဗျာ၊ နောက်မှတွေ့ပါ့မယ်"

သူဌေးညော့်သည်က သူ့ကို ဦးညွတ်နှုတ်ဆက်လိုက်သဖြင့် ပြုံးပြည့်စုံ အူကြောင်ကြောင် ဖြစ်သွားရသည်။

"ဟော့ ... ဟော့ ... ဟော့လူ ... မဟုတ်သေးဘူး"

သူဌေးအသံက အလန့်တကြား ထွက်ပေါ်လာပြီး ဟန့်တားလိုက်သော်လည်း ...

ညော့်သည်ကတော့ ဇွတ်ပင် ...

"အလိုက်သိပါတယ်ဗျာ ... အရှက်ပြေ တားမနေပါနဲ့၊ ကိုင်း ... သွားပြီကိုစွမ်း၊ သွားပါဦးမယ် ခင်ဗျာ ... ကျွန်တော့်ကိုလည်း မှတ်ထားပေးပါနော်"

"ရှင် ..."

ပြုံးပြည့်စုံမှာ တအံ့တသြနှင့် ဘာပြောရမှန်းမသိ ဖြစ်သွားစဉ် ဌေးသည်က ကပျာကယာ နှုတ်ဆက်ပြီး လှည့်ထွက်သွားသည်ကို အူကြောင်ကြောင်နှင့် ကြည့်နေမိသည်။

"ဒီလူ ဇွတ်တင်နေတော့တာပဲ၊ ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော် လာခဲ့ပါ့မယ်။ အခုပဲ လာပါ့မယ်ခင်ဗျာ"

မြန်ဆန်လွန်းသော အဖြစ်အပျက်မို့ ပြုံးပြည့်စုံသည် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေဆဲ ...

ဖုန်းပြောပြီးသွားသော သူဌေးက ဖုန်းချကာ ပလတ်စတစ် ပုတီးချောင်းလိုက်ကာ၏ တစ်ဖက်မှ သူ့အား စူးစိုက်ကြည့်လိုက် ...

"ဘာကိစ္စရှိလို့လဲ"

"ကျွန်မ ဆယ်မိုင်ကုန်း ပိတောက်လမ်းက တိုက်ခန်းကိစ္စ ပြောစရာရှိလို့ လာခဲ့တာပါ"

တိုက်ခန်းကိစ္စနှင့် ပတ်သက်လာ၍တော့ ပြုံးပြည့်စုံ နှုတ်ကသွက်ပြီးသား ဖြစ်သည်။

"နောက်မှလာ၊ အခု ကျွန်တော် အရမ်းအရေးကြီးနေလို့"

ပြောပြောဆိုဆိုနှင့် သူဌေးက သူ၏ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်ကာ လိုက်ကာကို ဖြတ်ကျော်လာစဉ် ပြုံးပြည့်စုံက လက်လွတ်မခံနိုင်ဘဲ ...

"ခဏလေးပါ ... ကျွန်မမှာ အဝေးကြီးက လာရတာ၊ ကိစ္စကလည်း အရမ်းအရေးကြီး နေလို့ပါ"

"ကျွတ် ..."

သူဌေးက စိတ်မရှည်သလို စုတ်သပ်လိုက်ပြီး သူ့ကိုစူးစိုက် ကြည့်လိုက်ပြီး ...

"ကျွန်တော့်ကိစ္စက အရေးကြီးနေလို့ပါ"

"ငါးမိနစ်ပဲ အချိန်ပေးပါ၊ ကျွန်မ ..."

ပြုံးပြည့်စုံက စကားမဆုံးခင် ...

"ပိတောက်လမ်းက တိုက်ခန်းကဝယ်ဖို့ စရံငွေတောင် ချပြီးပြီပဲ၊ ခင်ဗျားက ဘယ်ကဘယ်လို ဘာကိစ္စနဲ့"

သူကလည်း သူ့ဒေးစကားဆုံးသည်အထိ မစောင့်။

"ရှင် မှားနေပြီ ထင်တယ်၊ စရန်ငွေလုံးဝ မချရသေးပါဘူး"

"မနေ့ကပဲ ကျုပ်မန်နေဂျာကို ဦးဘမိုးဘဏ်ထဲ ငွေသိန်းငါးဆယ် လွှဲခိုင်းလိုက်ပြီပဲဗျာ၊ ဘာတွေ လာရှုပ်နေတာလဲ"

"ရှင် ... ကျွန်မတို့ လက်မှတ်ထိုးပေးမှ ရမယ့်ကိစ္စကို"

"ခင်ဗျားတို့က ..."

"ကျွန်မတို့က တိုက်ခန်းကို အပျောက်နဲ့ ဝယ်ထားတဲ့ အခန်းပိုင်ရှင်တွေပါ"

"ဗျာ ... အိမ်ငှားတွေ မဟုတ်ဘူးလား"

သူ့ဒေး တအံ့တသြ ဖြစ်သွားပုံ ရလေသည်။

"သူက အိမ်ရှင်ပဲ၊ အိမ်ငှားတွေ ဖယ်ပေးနိုင်အောင် ငွေကြိုပေးဖို့ ပြောထားတာပဲ"

"ကျွန်မတို့အခန်း လေးခန်းစလုံးက အပျောက်နဲ့ အကုန်ဝယ်ထားကြတာရှင့်"

"ဘာ ... သေချာလို့လား"

"ကျွန်မမှာ အရောင်းအဝယ်စာချုပ်နဲ့ သန်းခေါင်စာရင်းတွေ အကုန်လုံးပါ

တယ်၊ ရှင့်ကို အိမ်ငှားတွေလို့ပြောပြီး ရောင်းလိုက်ပုံရတယ်"

"ဟုတ်တယ် ... ဂရန်ပြပြီး ရောင်းတာပဲ၊ ဂရန်က ဦးဘမိုး အမည်နဲ့လေ၊ သားသမီးတွေကလည်း အားလုံးလက်မှတ် ထိုးပေးထားတယ်၊ ဒီတော့ ခင်ဗျားတို့ ဦးဘမိုးနဲ့ ညှိကြဗျာ"

"ကျွန်မတို့ သဘောမတူဘူး"

"ဟူး ..."

သူဌေးနှင့် လက်တစ်ကမ်းအကွာ ရှိနေသဖြင့် သူဌေးထံမှ သင်းပျံ့သော မွှေးရနံ့ကို ရသော်လည်း သတိထားမနေနိုင်၊ ကိုယ့်ကိစ္စနှင့်ကိုယ် အာရုံပြု လျက် ...

"ကျွန်မတို့ သဘောမတူရင် ဦးဘမိုး ရောင်းလို့မရသလို ရှင်လည်း ဝယ်လို့ ရမှာ မဟုတ်ဘူး"

ထိုစဉ် အတွင်းရေးမှူးမလေးက ...

"ဆရာ ... ကားရောက်နေပါပြီ"

"လာပြီကွာ ... လာပြီ၊ ကိုင်း ... အမိ၊ ပြန်ပြီးတော့သာ မြေရှင်နဲ့ညှိကြ တော့၊ ကျုပ်ကတော့ ဦးဘမိုး အမည်ပေါက် ဂရန်အရ အရောင်းအဝယ် ပြောဆိုပြီးနေပြီ၊ ကျုပ်ဘက်က ရှေ့နေနဲ့ ဆက်လုပ်ရုံပဲ၊ ငွေလည်း လွှဲပြီးပြီ ဆိုတော့ အရောင်းအဝယ်က ဖြစ်နေပြီ"

ဒီတစ်ခါတော့ သူဌေးက ပြောပြောဆိုဆိုပင် အခန်းထဲမှ ခြေလှမ်းကျဲနှင့် ထွက်သွားလေတော့သည်။

ဘယ်ရလိမ့်မလဲ။ ပြုံးပြည့်စုံကလည်း သူဌေးနောက် ကပျာကယာ ပြေး လိုက်ရင်း ဓာတ်လှေကားထဲလည်း လိုက်ဝင်၊ နှုတ်ကလည်း ကရားရေလွှတ် တတွတ်တွတ်နှင့် ...

"ရှင်မဝယ်ရင် ဘာမှမဖြစ်ဘူး၊ ကျွန်မက အောက်ထပ်ပန်းဆိုင်က ကျွန်မရဲ့ ပန်းပင်တွေကို အဖျက်ဆီး မခံနိုင်ဘူး၊ ကျန်အခန်းတွေကလည်း ဒီအတိုင်း ပဲ"

"ကျွန်တော် ဘာမှမသိဘူး၊ ကျွန်တော့် ယောက္ခမလောင်းက လိုချင်တယ် ဆိုလို့ ဝယ်ပေးတာ၊ ခင်ဗျားတို့အရှုပ် ခင်ဗျားတို့ဘာသာ ရှင်းရမှာပဲ၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"ရှင်ဒီလို လက်လွှတ်စပယ် မပြောပါနဲ့၊ ကျွန်မတို့မှာလည်း စာချုပ်တွေ ရှိ ပြီးသား၊ အမှုဖြစ်ရင် ရှင်ပဲရှုံးမှာ၊ လုပ်ငန်းကြီးလုပ်နေတဲ့ ရှင်ကပိုသိမှာပါ"

"ဖြစ် ... ဖြစ်ဗျာ ... နောက်မှပြောတော့"

ဓါတ်လှေကားကလည်း တန့်ခနဲ ရပ်သွားသည်။ သူဌေးက ကပျာကယာ တိုးထွက်သွားသည်။

ဓာတ်လှေကားရှေ့ ရပ်စောင့်နေသောသူက သူ့အား ဦးညွှတ်အရိုအသေ ပေးပြီး ခေါ်ဆောင်သွားလေသည်။

ပြုံးပြည့်စုံလည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့လေသည်။

သိပ်မဝေးလှသော ပေါ်တီကိုအောက်တွင် ကားနံဘေး၌ ရပ်နေသည့် လှပ ကြော့ရှင်းသော မိန်းကလေးက သူဌေးကို မြင်သောအခါ ခေါင်းကလေးငဲ့ ကာ လှပစွာ ပြုံးပြပြီး ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်လေသည်။

သူဌေးမျက်နှာ တစ်ပြင်လုံး သကာရည် အလူးခံရသလို ဝင်းပသွားပြီး ကားနောက်ခန်းသို့ ဝင်ထိုင်လိုက်သည်နှင့် စောစောက ဓာတ်လှေကားဝမှ ကြိုဆိုခေါ်ဆောင်ခဲ့သူက ကားတံခါးကို သေချာစွာ ပိတ်ပေးလိုက်သည်နှင့် ကားကလေးက ငြိမ့်ခနဲ မောင်းထွက်သွားလေတော့သည်။

ပြုံးပြည့်စုံ ဟူးခနဲနေအောင် သက်ပြင်းချလိုက် မိတော့သည်။

"သူဌေးနဲ့ လက်ထပ်တော့မယ့် သတို့သမီးလောင်းလေ၊ သူဌေးက သည်းသည်းလှုပ်ပဲ"

စောစောကလူက သူ့ကို ရှင်းပြနေသေး။

ပြုံးပြည့်စုံ နွမ်းလျစွာပင် ပြုံးပြပြီး သူ့ကားလေး ရပ်ထားရာဆီသို့ လျှောက်ခဲ့လိုက်လေသည်။

"ဪ … သူ့ သတို့သမီးလောင်းအတွက် မင်္ဂလာဦး လက်ဆောင်ပေးမယ့် ပစ္စည်းက တို့သားအမိရဲ့ နှလုံးသားနဲ့ ထုဆစ်ထားတဲ့ တိုက်ခန်းတစ်ခန်း အပါအဝင်ပေါ့လေ"

စိတ်ထဲမချိတင်ကဲ ရေရွတ်ရင်း ရစ်ဝဲလာသော မျက်ရည်များကို မျက်တောင်ခတ်ကာ သိမ်းဆည်းပစ်လိုက် ရလေတော့သည်။

ထို့နောက် သူ၏ ရာဇာဂျစ်ကားလေးကို ရန်ကုန် မြို့လယ်ခေါင်၏ ကားများ၊ လမ်းသွားလမ်းလာများ ရှုပ်ထွေးနေမှုကို သတိထား မောင်းနှင်ရင်း အောင်မြင်မှု မရှိသော တောင်းဆိုမှုအတွက် ရင်မှာဝမ်းနည်းကြေကွဲလျက် အိမ်သို့ပြန်ခဲ့ရလေသည်။

စွမ်းဆောက်လုပ်ရေး ကုမ္ပဏီသူဌေး ဦးစွမ်းပြည့်နိုင် သူတို့ တိုက်ခန်းကို မဝယ်တော့လျှင် အားလုံးပြီးပြတ်ပြီ။

ယခုတော့ ရွှေ့နေငှားရဦးမည်၊ အပျောက်ဝယ်ထားသူ အခန်း(၄)ခန်းလုံး ညီညွတ်ဖို့အရေး ဦးဆောင် လှုပ်ရှားရဦးမည်ဆိုတော့ အလုပ်ရှုပ်မည်၊ စိတ်ပင်ပန်းရမည်။

အမှုဆိုတာ သေးသေးမွှားမွှားလေးကအစ မဖြစ်တာ အကောင်းဆုံးပါပဲ …။

တရားမမှုဆို ပိုဆိုးသေး၊ စမိလျှင် မဆုံးနိုင်တော့၊ အချိန်ကုန် လူပင်ပန်း၊

ငွေကုန်မှ ပြီးတော့မည်။

ပြုံးပြည့်စုံ ပင့်သက်ရှည်ကြီး ရှိုက်လိုက်မိလေတော့သည်။ အကယ်၍ မိခင်က အဆင်ပြေရဲ့လား မေးလျှင် သူဘာပြန်ပြောရမည်နည်း။

***

အခန်း (၃)

မေသရဖူဇင်၏ မျက်ဝန်းလေးမှာ သူ့ခင်ပွန်းလောင်း နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါလာသော မိန်းမချောလေးကို လှမ်းကြည့်မိသည်။

တော်တော် ပြေပြစ်လှပချောမောသော မိန်းကလေးပါလား။ မိန်းမချင်းပင် လည်ပြန်အောင် ငေးယူရသော အလှမျိုးပင်။ တစ်စုံတစ်ခုကို တောင်းပန်နေဟန်ဖြင့် ငိုမယောင် ပြုံမယောင် ညို့မှောင်နေသော မျက်ဝန်းလေးမှာ အားငယ်ခြင်းတွေ ပြည့်လျှံနေပါလား။

မိန်းမချင်း စာနာကာ ကရုဏာ သက်မိသော်လည်း ...

"အစ်ကိုကြီးရဲ့ အနှောင်အဖွဲ့တွေကလည်း များလှချေလား"

"ဟင် .... ဘာကိုလဲ"

"ဟွန်း ... မသိချင်ဟန် ဆောင်နေပြန်ပြီ၊ ဒါပဲနော် ... အခုထဲက ပြတ်ပြတ်သားသားနဲ့ ပွင့်ပွင့်လင်းလင်း ပြောကြေးနော်"

စွမ်းပြည့်နိုင်က မေသရဖူဇင်၏ လှပသော ညို့မျက်ဝန်းနှင့် နှုတ်ခမ်းပါးလေးကို ကြည့်ကာ တီးတိုးရေရွတ်လိုက်သည်။

"ဒီနှုတ်ခမ်းပါးနဲ့ ဒီမျက်လုံးပဲ ငါ့ကို ထောင်ချမယ့်ပုံစံပဲ"

"ဟင်းနော် ... လူကို ပြောလိုက်ပုံများ ကတော့"

မျက်စောင်းလေးဝင့်ကာ မကျေမနပ် ပြောလိုက်ပုံလေးက စွမ်းပြည့်နိုင်၏ အသည်းထဲသို့ စိုက်ဝင်သွားသလို ခံစားလိုက်ရပြီး မြတ်နိုးစွာဖြင့် မေသရဖူဇင်ကို ငဲ့စောင်းကြည့်ရင်းက ...

"အခု ဘယ်ကိုသွားမှာလဲ၊ အင်္ကျီလည်း တိုင်းပြီးသွားပြီ။ ခန်းဝင်ပစ္စည်း တွေလည်း ဝယ်ပြီးပြီ၊ ဘာလုပ်စရာ ကျန်သေးသလဲ"

"ဖိတ်စာ စာရင်း လုပ်ပြီးပြီလား"

"အား … ဟုတ်သားပဲ"

ဆောက်လုပ်ရေး ကုမ္ပဏီကြီးကော အခြားရှယ်ယာ ကုမ္ပဏီကိုပါ ပူးတွဲ လုပ်ကိုင် နေရသဖြင့် ပြေးလွှားနေရသော သူ့အတွက် ဖိတ်စာဖိတ်ဖို့ အမျိုး နှင့် မိတ်ဆွေစာရင်းကို မပြုစုအားသေးပေ။

"တူ … တူ … တူ"

သူ့ဖုန်းသံ ရိုးရိုးကြီး ထွက်ပေါ်လာသဖြင့် ကပျာကယာ ဖုန်းကိုင်လိုက် သည်။

"ဘယ်လိုလဲကွ … ဖုန်းမဆက်ပါနဲ့လို့ ပြောထားရက်သားနဲ့"

"ဘာ … အစည်းဝေး"

"အာ … ဟုတ်သားပဲ … နာရီဝက်၊ မင်းတို့ကွာ … အရေးကြီးတဲ့ အစည်း ဝေး အခုမှ ပြောရသလား"

"လာမယ် … လာမယ်၊ ကားပြန်လှည့် … ကားပြန်လှည့် … ဟူး"

သူဖုန်းပိတ်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်သောအခါ မေသရဖူဇင်က မျက်စောင်းထိုးရင်း …

"အဲဒါကြောင့် မေးတာပေ့ါ … အားရဲ့လားလို့"

"ကိုယ် မေ့သွားလို့ပါကွာ … ဆောရီးပဲ၊ ညနေ …"

"တော်တော့ … ချိန်းထားတာ သုံးကြိမ်ရှိပြီ နေပါဦး … မင်္ဂလာဆောင်ချိန် ကော အားပါ့မလား"

"အဲဒီအတွက် အလုပ်တွေ ဖိလုပ်နေတာပေါ့ ကလေးရယ်"

"ဒါနဲ့များ ဘာလို့ ချိန်းနေရသေးသလဲ"

"အတူသွားချင်လို့ပါ"

အသက်(၃၀) ရှိပြီဖြစ်သော စွမ်းပြည့်နိုင်က သူ့ထက် (၆)နှစ်ခန့်ငယ်သော သတို့သမီး လောင်းလေးကို အာခံတွင်းထဲ ငုံထားမတတ် မျက်စိအောက်က အပျောက် မခံနိုင်အောင်ပင် ချစ်မြတ်နိုးလှသည်။

"အဲဒါဆိုလည်း ဖုန်းပိတ်ထားပြီး ကားပြန်လှည့်တော့ ... အတူသွားကြမယ်"

"ဒါတော့ မလုပ်ပါနဲ့ ကလေးရယ်၊ အရေးကြီးတဲ့ အစည်းအဝေးမို့ပါ၊ နောက်ဆို ကိုယ့်ကို ဘာမှမမေးနဲ့တော့၊ ကလေး စိတ်တိုင်းကျသာ စီမံပေတော့၊ ကိုယ်အားလုံး သဘောတူတယ်"

"ဟွန်း ... ရပ်ကြမ်းကြီးနဲ့ နွဲ့နေပြန်ပြီ၊ ဒါဆိုပြီးရော၊ မင်္ဂလာခန်းမ နောက်တော့မှပဲ တွေ့ကြတာပေါ့"

"အဲဒီလို မလုပ်ပါနဲ့ကွယ်"

စွမ်းပြည့်နိုင် ဇနီးလောင်းကို ချော့ရသည်ကို ကားမောင်းသူ ဒရိုင်ဘာလူကြီးက နှုတ်ခမ်းမွေးကိုတွန့်ကာ ပြုံးလိုက်သည်ကို ရှက်နေသည့်ကြားက သူမြင်ဖြစ်အောင် မြင်လိုက်သေးသည်။

သူဇာတိမြေမှ ထွက်လာကတည်းက ကုမ္ပဏီကို စထောင်ပြီး ပြေးလွှားနေရသဖြင့် အိမ်ထောင်ရေး မပြောနှင့်၊ ချစ်သူပင် မထားနိုင်ခဲ့သော အခြေအနေ။

ယခုမှ သူငယ်ချင်းညီမကို တွေ့ကာ အရူးအမူးဖြစ်သွားပြီး သူငယ်ချင်းကိုပင် အောင်သွယ်ခိုင်းပြီး လက်ထပ်ဖို့ ဖြစ်လာသည့် ရှားရှားပါးပါး ဇနီး

လောင်းလေးမို့ စိတ်ဆိုး စိတ်ကောက်ခြင်းကို မခံစားလိုပေ။

"ကိုယ့်ရဲ့ လုပ်ငန်းတွေကို ပြီးအောင် ဖြတ်ပေးပါ့မယ်"

"ဒါပဲနော် အစ်ကိုကြီး၊ အလုပ်နဲ့ဇနီး နှစ်ခုမှာ တစ်ခုခုတော့ ရွေးရမှာပဲနော်၊ သရကတော့ အထီးကျန်တာ မခံစားနိုင်ပါဘူး။ အတိုင်းအတာ တစ်ခု အထိပဲ လက်ခံနိုင်မှာနော်"

"စိတ်ချပါ ကလေးရယ်"

"ဩော် ... ကိုကြီး၊ မယ်တော်ကြီးက ပြောတယ်၊ သူပြောထားတဲ့ တိုက်ခန်းကိစ္စ ပြီးပြီလားတဲ့"

"ဘယ်တိုက်ခန်းလဲ"

"ဟော ... ကြည့် ... လုပ်ပြီ၊ ဆယ်မိုင်ကုန်းက တိုက်ခန်းလေ"

"ဩော် ... ဒါလား၊ အိုကေ ... အိုကေ၊ စရန်တောင် ချခိုင်းထားပြီ"

စွမ်းပြည့်နိုင် စောစောက သူ့ကိုလာတွေ့သော မိန်းမချောလေးကို ဝိုးတိုးဝါးတား မြင်ယောင်မိလိုက်သည်။

"ဟင် ... ဘယ်သူ့နာမည်နဲ့လဲ"

"စာချုပ်အပြီး မချုပ်ရသေးပါဘူး ... နောက်မှပေါ့ကွယ်"

"ဒါဆို ကိုကြီး သရဘွားတော်နဲ့ပဲ ရှင်းတော့၊ ဘွားတော်က သူ့နာမည်နဲ့ပဲ ဝယ်ပေးရမယ်တဲ့"

ခပ်တင်းတင်း ပြောလိုက်သော သူ၏ သတို့သမီးလောင်းကို အံ့အားသင့်သလို လှမ်းကြည့်လိုက်မိသည်။

သို့ရာတွင် သူ့သတို့သမီးလောင်းက သူ့အား မျက်လုံးတစ်ချက် ဝေ့အကြည့်တွင် သူ့အံ့အားသင့်မှုများ လွင့်မျော ပျောက်ကွယ် သွားလေတော့သည်။

တမင် မူနွဲ့နေခြင်း ဖြစ်ကြောင်းကို သိလိုက်သော်လည်း ခွင့်လွှတ်ကာ သက်ပြင်းချလိုက်မိသည်။

သတို့သမီးလောင်းအတွက် အရင်းအနှီးများစွာ ပေးရသည်။ သတို့သမီးလောင်း၏ မိဘများက သာမန်ဝန်ထမ်း ပင်စင်စားမို့ မောင်နှမသုံးယောက်တို့ဖြင့် (၅)ယောက်သော မိသားစု သာမန်အခြေအနေကို ရွှေပင်နားတော့ ရွှေကျေးဖြစ်ရန် သူဆွဲတင်ပေးရသည်။ တိုက်၊ ကား အားလုံး အသွင်ပြောင်းပေး ပစ်ချင်သည်။

သို့အတွက် သူ့ဖခင်ဆီမှ ထပ်မံ လက်မဖြန့်ရအောင် အားသွန်ခွန်စိုက်ကြိုးပမ်းနေရသည်။ ဒါကို သူ့ဘဝကြင်ဖော် ဖြစ်လာမည့် သူက နားလည်သင့်ပါသည်။

"နောက်တော့ ကလေးအတွက် ကိုယ်ဘယ်လောက် ကြိုးစားခဲ့တယ်ဆိုတာ သိမှာပါ"

ကုမ္ပဏီရုံးရှေ့သို့ ရောက်လာတော့ ...

"ကိုယ်သွားပြီ ကလေး"

"ကြွ ... ကြွ"

စွမ်းပြည့်နိုင် မချိပြုံးနှင့် ကားထဲမှဆင်းကာ ကုမ္ပဏီထဲ ဝင်ခဲ့သည်။ သြော် ... သူက ချစ်ခဲ့ရသူပေပဲ။ အစစအရာရာ သည်းခံ ခွင့်လွှတ်ရပေမည်ပေါ့။ မေသရဖူဇင် ဆိုတာက ခေသူမှ မဟုတ်လေပဲ။ သူကပဲ ပရိပို့စ်လုပ်တော့ ပွင့်လင်းစွာပင် ...

"သရမှာ ချစ်သူရှိခဲ့ ဖူးတယ်နော်"

"ဘယ်နှယောက်လဲ"

"တစ်ယောက်တည်းပါ ... ချစ်ဦးသူ ငယ်ချစ်ပါ"

"ခုကော ..."

"ကွဲသွားပြီ"

"ဩော် ... ဟုတ်လား"

ရိုးသားဖြူစင်သူအဖြစ် သူကတိုး၍ပင် အချစ်ပိုခဲ့ရသည်။ ထို့အပြင် အိမ်တွင်းပုန်း မိန်းကလေးဖြစ်ပြီး အချက်အပြုတ် အချုပ်အလုပ်ကအစ အိမ်မှုကိစ္စ ကျွမ်းကျင်ကြောင်း ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာလားမသိ၊ သူ့ အစ်မက ထောက်ခံပေးခဲ့ သေးသည်ကို ဟုတ်မှာပါဟု ယုံကြည်ခဲ့သည်။

ထို့အပြင် သူ့အား "အစ်ကိုကြီး" "ကိုကြီး" ဟုခေါ်ကာ နူးညံ့သိမ်မွေ့ပြီး ရှက်စနိုး မျက်လွှာချတတ်၊ ဆံနွယ်နုနုလေးနှင့် မျက်နှာကွယ်ဝှက်တတ်သည့် ထိုမိန်းကလေးကို မထိရက် မကိုင်ရက် အရိပ်တကြည့်ကြည့် ချစ်ခဲ့ရသည်။

ထိုမိန်းကလေးကို ပိုင်ဆိုင်ပြီး ရင်ထဲမှာ သိုဝှက်ထားနိုင်ဖို့ ကြိုးစားပြေးလွှား ရပေဦးတော့မည်။ ပြီးတော့ ချစ်သူဆန္ဒကို ဖြည့်ဆည်းပေးဖို့ လက်ထပ်ပွဲအမီ တိုက်ခန်းစာချုပ် ချုပ်ဖို့။

"တောက် ... မေ့နေလိုက်တာ"

အခန်းပြင်မှ ဆက်ခရီတေရီကို Intercon ဖြင့် ခေါ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

"မေ့နေလိုက်တာ ... မန်နေဂျာကို ခေါ်လိုက်ဦး"

"ဟုတ်ကဲ့ ဆရာ"

မကြာခင် မန်နေဂျာ ဦးတင်မြင့် သူ့စားပွဲရှေ့ ရောက်လာသည်။

"ဆရာ ခေါ်တယ်ဆို"

"အေးဗျာ ဦးတင်မြင့်၊ ဆယ်မိုင်ကုန်းက တိုက်ခန်း စရန်ချပြီးပြီလား"

"ချမလို့ပဲ ... ဒါပေမဲ့ ရှေ့နေနဲ့ စာချုပ်ကိစ္စ စီစဉ်တော့ရှေ့နေက တိုက်ခန်းတွေက အငှားလား အပျောက်လားဆိုတာ ရ.ယ.ကမှာ အရင်စုံစမ်းပြီးမှ ချပါတဲ့"

ဟုတ်ပေသားပဲ။ ဘာလုပ်လုပ် ကုမ္ပဏီရှေ့နေ၏ အကူအညီ ယူခဲ့ရတာပဲ။ ဖျတ်ခနဲ စောစောပိုင်း ရောက်လာခဲ့သော မိန်းကလေး စကားများကို သတိရလိုက်ပြီး ဆက်ခရီတေရီအား ...

"သြော် ... စောစောက ဧည့်သည်ကော မေရီ"

"ပြန်သွားပြီလေ ဆရာ၊ မျက်ရည်တွေတောင် ဝဲလို့"

"မျက်ရည်ဝဲတာ ငါကဘာလုပ်ရမှာလဲ၊ နင်မထားလိုက်ဘူးလား၊ သူ့စာချုပ်တွေ ကြည့်ရအောင်"

သူ့ဦးနှောက်တွေက မှတ်ရတာတွေ များနေလို့လားမသိ၊ ရောထွေးနေသည်။

"ကျွန်မမှ ဘာမှမသိဘဲ ဆရာ၊ ဆရာမှ ဘာမှမပြောတာ"

"ဟုတ်သားပဲ၊ ကဲ ... သွား ... သွား"

"ဟုတ်ကဲ့ ဆရာ"

မေရီ ထွက်သွားမှ သူကမန်နေဂျာ ဦးတင်မြင့်အား ...

"အဲဒီကိစ္စကို အငှားတွေ သေချာတယ်ဆို အငှားတွေ ဖယ်နိုင်ဖို့ ငွေများများကြိုချပြီး အမြန်ဆုံး ဆောင်ရွက်ပေးစမ်းပါဗျာ။ ဖြစ်နိုင်ရင် မင်္ဂလာပွဲ မီချင်တယ်"

"ဟုတ်ကဲ့ ... ကြိုးစားပေးပါ့မယ် ဆရာ"

"ဒါဖြင့် အစည်းအဝေး တစ်ခါတည်း တက်ကြစို့"

"ဟုတ်ကဲ့ ဆရာ"

မန်နေဂျာ ဦးတင်မြင့်နှင့်အတူ အစည်းအဝေးခန်းဆီသို့ ဦးတည်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ခေါင်းထဲ ကိုယ်ရေးကိုယ်တာ ဟူသမျှတို့ လုံးဝပျောက်ကွယ် သွားလေတော့သည်။

***